**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၄/၂၀၂၀ )**

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ ဧပြီလ ၂၄ ရက်

အကြောင်းအရာ။ **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်များအား သက်တမ်း ယာယီတိုးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း**

၁။ ယခုအခါ ကမ္ဘာနှင့်အဝှမ်းဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019(COVID-19) ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်း သက်သာစေရန်နှင့် ရုံးလုပ်ငန်းများတွင် လူအချင်းချင်းထိတွေ့ ဆောင်ရွက်မှုများအား လျှော့ချနိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် (၂၇-၄-၂၀၂၀)ရက်နေ့မှ (၃၀-၇-၂၀၂၀)ရက်နေ့အတွင်း သက်တမ်းကုန်ဆုံးမည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်များအား ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအနေဖြင့် ရုံးသို့ကိုယ်တိုင် လာရောက်လျှောက်ထားရန်မလိုအပ်ဘဲ Registration စနစ်မှ (၃၁-၇-၂၀၂၀)ရက်နေ့အထိ သက်တမ်းယာယီတိုးမြှင့်ပေးခြင်းအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအနေဖြင့် ရုံးသို့ကိုယ်တိုင် လာရောက်လျှောက်ထားရန်မလိုအပ်ဘဲ ဌာနအနေဖြင့် Registration စနစ်မှ ဆောင်ရွက်ပေးခြင်းဖြစ်ပါ၍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် သက်တမ်းတိုးကတ်ကိုလည်း ထုတ်ပေးမည်မဟုတ်ပါ။

၃။ ဤကဲ့သို့ဆောင်ရွက်ရာတွင် ယာယီသက်တမ်းတိုး ကုန်ဆုံးသည့်အချိန်တွင် ကုမ္ပဏီများမှ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် သက်တမ်းတိုး လာရောက်လျှောက်ထားပါက သတ်မှတ်သက်တမ်း(၅)နှစ်တွင် ယာယီတိုးပေးထားသည့် သက်တမ်းကာလအား ထည့်သွင်းတွက်ချက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်တမ်းတိုးကြေးအား သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**